# မြန်မာ့အမျိုးသမီးသမဂ္ဂ

စက်တင်ဘာ၊၂၀၂၅ ခုနှစ်

## “အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် အမျိုးသမီး ၄၇ ဦး သေဆုံး။”




၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် စစ်ကိုင်းတိုင်း ဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ချွန်းတောင် အုပ်စု၊ ဝဲကြီး ကျေးရွာအား အကြမ်းဖက် စစ်တပ်မှ လေကြောင်းဖြင့် ဗုံးကျဲတိုက်ခိုက်ခြင်း ဖြစ်စဉ်။




၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗိုင်းမော်မြို့နယ်၊ ဆဒုံးမြို့အား အကြမ်းဖက် စစ်တပ်မှ လေကြောင်းဖြင့် ဗုံးကျဲတိုက်ခိုက်ခြင်း ဖြစ်စဉ်။

| သေဆုံးသူ- (၄၇) ဦး | ထိခိုက်ဒဏ်ရာရရှိသူ - (၅၇) ဦး |
|---|---|


တရားမဝင် အကြမ်းဖက် စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုသည် (၅) နှစ် နီးပါးရှိတော့မည် ဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ် နှင့်အမျှ အသက်ဆုံးရှုံး နေရသည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အတွင်း အမျိုးသမီး (၄၇) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခုဖော်ပြပါ အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့်မှတ်တမ်းမှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။

# အမျိုးသမီးသေဆုံးသူ အရေအတွက်နှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

| အကြောင်းအရာ | သေဆုံးသူ အရေအတွက် | ထိခိုက်ဒဏ်ရာရသူ အရေအတွက် |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၃၆ | ၃၂ |
| လက်နက်ကြီး ပစ်ခတ်ခံရမှု | ၅ | ၉ |
| မတရား သတ်ဖြတ်ခံရမှု | ၄ | ၀ |
| ကျည်ထိမှန်မှု | ၁ | ၀ |
| မြေမြှုပ်မိုင်း | ၀ | ၁ |
| ပဋိပက္ခနှင့်ဆက်နွှယ်သောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု | ၁ | ၁၅ |

မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ အတွင်း နိုင်ငံတစ်ဝှမ်း အမျိုးသမီး (၄၇)ဦး အသက် ဆုံးရှုံးခဲ့ရသည်။ ထို့ကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၃၆)ဦး၊ ပြည်သူများ၏ ရွာနှင့်နေအိမ်များအား ပစ်မှတ်ထားလက်နက်ကြီးပစ်ခတ်မှုကြောင့် (၅) ဦး၊ မတရား သတ်ဖြတ်ခံရမှုကြောင့် (၄) ဦး၊ ကျည်ထိမှန်မှုကြောင့် (၁) ဦးနှင့် ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၁) ဦး တို့ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီး (၄၇) ဦးထဲမှ (၃) ဦးသည် အသက် (၁၈) နှစ်အောက်များ ဖြစ်ကြသည်။ အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများထဲတွင် ကိုယ်ဝန်ဆောင် အမျိုးသမီး (၁) ဦး ပါဝင်သည်။ ထို့အပြင် အမျိုးသမီး (၅၇) ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် (၃၂)ဦး၊ လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၉)ဦး ၊ မြေမြှုပ်မိုင်းကြောင့် (၁) ဦးနှင့် ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၁၅) ဦး တို့ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ် စက်တင်ဘာလ အတွင်း အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် စစ်ကိုင်းတိုင်း ဒေသကြီးမှ (၁၈) ဦး၊ မန္တလေးတိုင်း ဒေသကြီးမှ (၁၂) ဦး နှင့် ကချင်ပြည်နယ်မှ (၆)ဦး ဖြစ်ကြပြီး စစ်ကိုင်းတိုင်း ဒေသကြီးသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်းဒေသကြီး ဖြစ်သည်။